# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# လောက်ကိုင်ဒေသလက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ထုတ်ပြန်ချက်
# ကော်မရှင်၏ထုတ်ပြန်ချက်အမှတ် (၂/၂၀၁၅)

၁။ လောက်ကိုင်ဒေသတွင် ဖေဖော်ဝါရီ၉ရက်နေ့ မှစတင်၍ တပ်မတော်နှင့် ကိုးကန့်တိမ်းရှောင် လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ ယနေ့အချိန်ထိဖြစ်ပါသည်။ တိုက်ပွဲ ဒေသအတွင်းရောက်ရှိနေသောနှစ်ဖက်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများအနက်ထိခိုက်ကျဆုံးသူများ၊ ဒဏ်ရာရရှိသူများ၏အရေအတွက်မှာလည်းများပြားလှသဖြင့်စိတ်ထိခိုက်ဖွယ်ရာဖြစ်ပါသည်။

၂။ နိုင်ငံတော်အတွင်းထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်နှစ် (၆၀) ကျော်ကြာဖြစ်ပွားခဲ့သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းစေရန်အပစ်အခတ်ရပ်စဲရေးကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်နှင့်လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများပါဝင်၍ကြိုးပမ်းဆောင်ရွက်လျက်ရှိရာအဆင့်များစွာကိုကျော်လွှားလွန်မြောက်ခဲ့ပြီး ဖြစ်သည်ဟုယူဆပါသည်။ယခုဖြစ်ပွားသောလောက်ကိုင်ဒေသလက်နက်ကိုင်ပဋိပက္ခမှာအသစ်တဖ န်ပြန်လည်ဖြစ်ပွားလာသည်ကိုတွေ့ရှိရသဖြင့်နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားထိခိုက်လာ မည်ကိုကော်မရှင်အနေဖြင့်စိုးရိမ်ပူပန်မှုရှိပါသည်။

၃။ လက်နက်ကိုင်တိုက်ပွဲများကြောင့်ဖြစ်စေ၊ လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်ရေးသဘောအရ အရေးယူဆောင်ရွက်ရာတွင်ဖြစ်စေ၊နှစ်ဘက်တပ်ဖွဲ့များအနေဖြင့်ပြည်သူလူထု၏အသက်အိုးအိမ်နှ င့်ပိုင်ဆိုင်မှုများအားထိခိုက်မှုမရှိစေရေးအထူးသတိပြုသင့်ကြောင်းတိုက်တွန်းပါသည်။

၄။ ယနေ့အချိန်အခါသည်အယူအဆ သဘောထားကွဲလွဲမှုများကိုမျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေး အဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်စတင်ဖြစ်ထွန်းနေပြီ ဖြစ်သဖြင့် တွေ့ဆုံ ဆွေးနွေးဖြေရှင်းနိုင်ပါ ကပြည်သူလူထုအတွက်စိတ်သက်သာဖွယ်ရာ ဖြစ်စေနိုင်မည်ဟု ယူဆပါ သည်။

၅။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားတိုင်း ၎င်းနယ်မြေရှိပြည်သူများသည် မြေဇာပင်သဖွယ် ဖြစ်ပြီးစစ်ရှောင်ဒုက္ခသည်များပေါ်ပေါက်လျက်ရှိပါသည်။၎င်းတို့၏အခြေခံလိုအပ်ချက်များဖြစ်သော လူသားချင်းစာနာထောက်ထားသည့်အကူအညီများထောက်ပံ့ပေးပါရန်နှင့်ဒုက္ခသည်များသို့တန်းတူ ညီမျှပေးပါရန်သက်ဆိုင်ရာပြည်တွင်း၊ပြည်ပအဖွဲ့အစည်းအသီးသီးသို့မေတ္တာရပ်ခံတိုက်တွန်းအပ်ပါ သည်။

၆။ လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးရေးလုပ်ငန်းများကို ဘေးအန္တရာယ် မပြုကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၅ခုနှစ်၊ဖေဖော်ဝါရီလ၂၇ရက်